# ပြည်သူအတွက် ပထမအကြိမ်
# မြန်မာ့တိုင်းရင်းဆေးပွဲတော် (၂၀၂၀)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနသည် တိုင်းရင်းဆေးပညာနှင့်တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်ရည်ရွယ်ချက်များနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းဆေးပညာဦးစီးဌာနသည် မြန်မာ့တိုင်းရင်းဆေးဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးဝါးများပေါ်ထွက်လာစေရေးအတွက် မျှော်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထုကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုကိုခံယူကာ ကျေးလက်နှင့်မြို့ပြများပါမကျန် တိုင်းရင်းဆေးဝါးများဖြင့် လက်လှမ်းမီသုံးစွဲနိုင်မှုရရှိစေရန်အတွက် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးဝါးများကို တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးဝါးစက်ရုံများနှင့် တစ်ပြည်လုံးအား တိုင်းရင်းဆေးဝါးများ လွှမ်းခြုံမှုရရှိစေနိုင်ရန် မြန်မာနိုင်ငံရှိ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများမှ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော တိုင်းရင်းဆေးဝါးများဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်လျက်ရှိပါသည်။

ယခုအခါတွင် မြန်မာ့တိုင်းရင်းဆေးဝါးများ အရည်အသွေးပိုမိုတိုးတက်မြင့်မားလာစေရန်၊ ပိုမိုတိုးတက်ခေတ်မီစေရန်၊ ပြည်သူလူထုအနေဖြင့် အန္တရာယ်ကင်းရှင်းပြီး စစ်မှန်သော မြန်မာ့တိုင်းရင်းဆေးဝါးများကို သိရှိပြီး ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသုံးစွဲလာစေရန်နှင့် မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအတွက် အခွင့်အလမ်းများပိုမိုရရှိစေရန် ရည်ရွယ်၍ မြန်မာ့

တိုင်းရင်းဆေးပွဲတော်ကို ကျင်းပရခြင်းဖြစ်ပါသည်။ ၎င်းပွဲတော်ကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့နှင့်ပူးပေါင်း၍ ပြည်သူ့အတွက် ပထမအကြိမ် မြန်မာ့ တိုင်းရင်းဆေးပွဲတော်ကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ကျင်းပနိုင်ရန် စီစဉ် ဆောင်ရွက် လျက်ရှိပါသည်။

ပြည်သူ့အတွက် မြန်မာ့တိုင်းရင်းဆေးပွဲတော်တွင် တိုင်းရင်းဆေးပြခန်းများ အပါအဝင် တိုင်းရင်းသားများနှင့်နီးနွယ်သောပြခန်းများကို ဖွင့်လှစ်ပြသသွားမည် ဖြစ်ပါမည်။ ပြခန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များမှာ -

- သမရိုးကျတိုင်းရင်းဆေးမှသည် တိုးတက်ဆန်းသစ်သော တိုင်းရင်းဆေးခေတ်ဆီသို့ ပိုမိုတိုးတက် ခေတ်မီလာစေရန်၊
- နိုင်ငံတကာနှင့် တိုင်းရင်းဆေးကျန်းမာရေးပညာပေး ဆောင်ရွက်နိုင်ရန်၊
- မြန်မာ့တိုင်းရင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ နိုင်ငံတကာနှင့် ရင်ဘောင် တန်းလာစေရန်နှင့် မြန်မာ့တိုင်းရင်းဆေးဝါးများကို ပြည်သူလူထုက ကျယ်ပြန့်စွာ ပိုမို သုံးစွဲလာစေရန် ရည်ရွယ်၍ ပြသရခြင်းဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပွဲတော်တွင် ခင်းကျင်းပြသမည့်ပြခန်းများမှာ မြန်မာနိုင်ငံတိုင်းရင်း ဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ပြခန်းပေါင်း(၁၂၀)၊ တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းပြခန်း၊ တိုင်းရင်းဆေး ပညာနှင့် ပတ်သက်သော အမှန်အမှားရွေးချယ်မှုပြခန်း၊ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး အသိပညာပေးဖျော်ဖြေရေးပြခန်း၊ တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ ပြည်သူလူထုပါဝင် ဆွေးနွေးနိုင်သော ပြခန်း၊ တိုင်းရင်းဆေးလှပျိုဖြူများဖြင့် သရုပ်ပြကွက်ပြခန်း၊ တိုင်းရင်းဆေးဖြင့် အသိပညာပေး မိသားစုဆွေးနွေးပွဲပြခန်း၊ တိုင်းရင်းရိုးရာအစားအသောက်များပြခန်း၊ ရိုးရာ

တိုင်းရင်းဆေးကုထုံးပြကွက်ပြခန်းများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် စက်ပစ္စည်းများ ပြခန်းများကို ပြသသွားမည် ဖြစ်ပါသည်။

ပြည်သူ့အတွက် မြန်မာ့တိုင်းရင်းဆေးပွဲတော်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ နာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းအဖွဲ့များက ဖွင့်လှစ်ပေးသွားမည် ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တပ်မတော်ခန်းမတွင်ကျင်းပသွားမည်ဖြစ်ပါသည်-

ဒေါက်တာမိုးဆွေ၊ဒေါက်တာသံလွင်ထွန်း၊ နေနေနိုင်ရည် ၊မိုးမိုးသန်း ၊ လှိုင်ယဉ်မွန်ဦး
(ကျန်းမာရေးနှင့်အာကစားဝန်ကြီးဌာန)